# မြတ်မွန်စေတနာ

## မိခင်ဖြစ်ရတာလောက် ပျော်ရွှင်ရတာ၊ ဝမ်းနည်းရတာ၊ ဂုဏ်ယူရတာ၊ ပင်ပန်းရတာမျိုး ဘယ်အရာမှ မရှိနိုင်ပါဘူး

(အယ်လာ ပါခင်)



လေမုန်တိုင်းဒဏ်ကြောင့် ကျမ စီးသွားပါတယ်၊ မြို့လေးမှာနေ ကျန်ရစ်ပါတယ်၊ အနီးအနားမြို့ ပျက်ခဲ့တဲ့ အဖြစ်အပျက်များ၊ အခြေအနေတွေနဲ့ စိတ်ဝင်စား တယ်၊အထူးသဖြင့်တော့ တန ကျမရင်ကို လာရောက် ထိခိုက် တစ်လုံးရှေ့မှာ မိန်းမငယ်တစ် မျက်နှာနဲ့ ရပ်နေပါတယ်၊ သူမ အရွယ် ကလေးငယ် တစ် နေပါတယ်၊ အခြားတဘက်မှာ ပြီး ကင်မရာကို မျက်နှာပေး မျက်လုံး ကျယ်ကျယ်လေးများ ရွှံ့ထိတ်လန့်နေဟန်ကို အထင်း တို့မြို့နဲ့ မဝေးလှတဲ့မြို့လေးဟာ ကြေမွပျက် တဲ့ မိသားစုဝင်တွေလည်း အိုးမဲ့အိမ်မဲ့ဖြစ် များရှိ သတင်းစာများက ဒီမြို့လေးမှာဖြစ် မုန်တိုင်းဒဏ်ခံခဲ့ရတဲ့ မိသားစုတွေရဲ့ ဘဝ ဖွယ်သတင်းများကို ရေးသားဖော်ပြကြပါ ဂ်နွေနေ့ထုတ်မှာပါဝင်တဲ့ ဓာတ်ပုံတစ်ပုံ က စေပါတယ်၊ လုံးဝပျက်စီးနေတဲ့ ယာယီအိမ် ယောက် အလွန်စိတ်ထိခိုက် ကြေကွဲနေတဲ့ ဘေးတဘက်မှာတော့ ၇ နှစ် ၈ နှစ်ခန့် ယောက်က ဝမ်းနည်းတဲ့မျက်လုံးများနဲ့ ရပ် တော့ သူမရဲ့စကတ်လေးကို တင်းတင်းဆုပ် ရပ်နေတဲ့ ကလေးမလေး ရဲ့ပုံပါ၊ သူလေးရဲ့ ထဲမှာတော့ စိတ်ရှုပ်ထွေးနေဟန်၊ ကြောက် သားမြင်တွေ့ရပါတယ်။

ဒီဓာတ်ပုံလေးနဲ့ တွဲလျက်ဖော်ပြထားတဲ့ သတင်းဆောင်းပါးထဲမှာတော့ ခုမြင်ရတဲ့မိသားစုဝင်များအတွက် သင့်လျော်မည့် အဝတ်အစားများ လှူဒါန်းနိုင်ကြောင်း ရေးသားထားပါတယ်၊ ဓာတ်ပုံကိုစိတ်ဝင်စားမှု ပိုမိုကြီးထွားလာတာနဲ့ အတူ ဒီမိသားစုနဲ့ ကျမတို့မိသားစု ခန္ဓာကိုယ်အရွယ်အစားဟာ မတိမ်းမယိမ်းလောက်ဖြစ်လိမ့်မယ်လို့လဲ သတိပြုမိပါတယ်၊ သူတို့လောက် ကံမကောင်းရှာတဲ့ကလေးငယ်တွေကို ကူညီဖို့ရန် ကျမရဲ့သားသမီးတွေကိုသင်ကြားပေးဖို့ရန် ဒါဟာ ကျမအတွက် အခွင့်ကောင်းတစ်ခုပါပဲ။

ဒီမိသားစုပုံလေးကို ကျမရေခဲသေတ္တာမှာ ကပ်လိုက်ပါတယ်၊ ပြီးတော့ သူတို့ဘဝတွေရဲ့ အခက်အခဲတွေ၊ ရင်ဆိုင်နေရတဲ့ ဒုက္ခဆင်းရဲတွေကိုလည်း ကျမကလေးတွေဖြစ်တဲ့ ၇ နှစ်အရွယ် ဘရက်ဒ် နဲ့ ဘရက်တ် အမွှာညီနောင်ရယ်၊ ၃ နှစ်သမီး မေဂင်တို့ကို ရှင်းပြပါတယ်၊ တို့မှာ အဝတ်တွေအများကြီးရှိတယ်၊ သူတို့မှာတော့ ဘာမှ မရှိရှာတော့ဘူး၊ တို့ရှိတာထဲကနေ သူတို့ကိုမျှဝေကူညီရအောင်လို့လည်း ကျမသူတို့ကို ပြောပြပါတယ်။

မျက်နှာကြက်ပေါ်က စက္ကူသေတ္တာကြီးကြီးသုံးလုံးကို ဧည့်ခန်းထဲမှာ ကျမချလိုက်ပါတယ်၊ ကျမနဲ့သားတွေ စားသောက်စရာဗူးတွေ၊ အခြားတာရှည်ခံ စားသောက်ဖွယ်တွေ၊ ဆပ်ပြာနဲ့ တခြားအိမ်သာသုံးပစ္စည်းတွေကို သေတ္တာတစ်လုံးထဲထည့်နေတာကို မေဂင်က ဂရုစိုက်ကြည့်နေပါတယ်၊ အမျိုးတူရာပစ္စည်းတွေကို ရွေးချယ်နေရင်း ကျမက သားတွေကို သူတို့ရဲ့ကစားစရာတွေနဲ့ သိပ်ပြီးအသုံးမပြုတော့တဲ့ ပစ္စည်းတွေကို လှူဒါန်းကြဖို့ တိုက်တွန်းခဲ့ပါတယ်၊ သားတွေရဲ့ သူတို့တွေသိပ်ပြီးမသုံးတော့တဲ့ အရုပ်တွေ၊ ကစားစရာဂိမ်းတွေစုပုံနေတာကို မေဂင်က ငြိမ်သက်စွာ ရပ်ကြည့်နေပါတယ်၊ ဒါတွေထည့်ပြီးရင် ကလေးမလေးအတွက် သင့်တော်ရာကိုရှာဖို့ သမီးကို မေမေကူညီမယ်လို့ ကျမက မေဂင့်ကိုပြောပါတယ်။

တတိယသေတ္တာထဲကို အဝတ်တွေ ကျမထည့်နေစဉ်မှာ သားတွေက သူတို့လှူဒါန်းဖို့ရွေးထားတဲ့ အရုပ်တွေ၊ ဂိမ်းတွေကို တခြားသေတ္တာတစ်လုံးထဲမှာ ထည့်နေပါတယ်၊ ဒီအချိန်မှာ မေဂင်က သူအင်မတန်နှစ်သက်တဲ့ လူစီလို့ အမည်ပေးထားတဲ့ မိန်းကလေးရုပ်လေးကို သူ့ရင်မှာ တင်းတင်းပွေ့ပြီး ကျမတို့ရှိရာကိုလျှောက်လာပါတယ်၊ သူ့အကိုင်များတာကြောင့် လူစီဟာ အနည်းငယ်ပွန်းပဲ့လို့တောင်နေပါတယ်၊ မေဂင်က အရုပ်တွေထည့်ထားတဲ့သေတ္တာနားမှာ ရပ်လိုက်ပါတယ်၊ သူ့ရဲ့မျက်နှာဝိုင်းဝိုင်းလေးကို လူစီကိုယ်ပေါ်မှာအပ်လိုက်ပါတယ်၊ သူ့ရဲ့နောက်ဆုံးအနမ်းအဖြစ် လူစီကိုနမ်းပြီး အခြားအရုပ်တွေရဲ့အပေါ်ကနေ လူစီကို ညင်ညင်သာသာ လှဲတင်လိုက်ပါတယ်၊ "အို သမီး၊ သမီး လူစီကို ပေးဖို့မလိုဘူး၊ သမီး လူစီကိုအရမ်းချစ်တာ မေမေသိတယ်" လို့ ကျမက မေဂင်ကိုပြောခဲ့ပါတယ်။

မေဂင်က သူ့ရဲ့မျက်ရည်ကိုသိမ်းကာ တောက်ပတဲ့မျက်လုံးလေးများနဲ့တည်တည်ငြိမ်ငြိမ် ခေါင်းညိတ်ပြီး" မေမေ၊ လူစီက သမီးကို ပျော်ရွှင်အောင် အများကြီးလုပ်ပေးခဲ့တယ်၊ သမီးကိုလိုပဲ တခြားကောင်မလေးတစ်ယောက်ကိုလည်း သူပျော်ရွှင်အောင် လုပ်ပေးကောင်း လုပ်ပေးပါလိမ့်မယ် မေမေ" လို့ပြန်ပြောခဲ့ပါတယ်။

အံ့သြဝမ်းသာမှုအပြည့်နဲ့ ကျမမေဂင်ကို တော်တော်ကြာကြာစိုက်ကြည့်နေမိပါတယ်၊ ကျမကို သူပေးခဲ့တဲ့သင်ခန်းစာနဲ့ ကျမသားတွေကို ဘယ်လိုများသင်ပြပေးနိုင်မလဲလို့လည်း တွေးနေမိပါတယ်၊ ကျမတို့အနေနဲ့ ကိုယ်အသုံးမလိုတဲ့ အရာကို ပေးဖို့ဝန်မလေးကြပေမယ့် တကယ့်ဖြူစင်တဲ့စေတနာဆိုတာက ကိုယ်အနှစ်သက်ဆုံးအရာကို ပေးစွန့်နိုင်ခြင်းဆိုတဲ့ အသိကိုပါ ရုတ်တရက် ကျမရလိုက်ပါတယ်။ မွန်မြတ်သန့်စင်တဲ့စေတနာဟာ အတန်ငယ်ပွန်းပဲ့နေပေမယ့် သူအင်မတန်နှစ်သက်မြတ်နိုးတဲ့ အရုပ်လေးတစ်ရုပ်ကို သူမ လုံးဝမသိဖူးတဲ့ ကလေးမလေးတစ်ယောက်ကို သူမလိုပဲ ပျော်ရွှင်နိုင်လိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ပေးစွန့်ခဲ့တဲ့ သုံးနှစ်သမီးလေးရဲ့ထံမှာ ရှိနေခဲ့တာပါ။

ကျမက သားသမီးတွေကို သင်ကြားလိုလို့ ဒီလုပ်ရပ်ကလေးစီစဉ်ခဲ့ပေမယ့် တကယ်တော့ သမီးလေးကသာ ကျမကို သင်ပြခဲ့တာပါ။

သူတို့နှမငယ်လေး သူမရဲ့အနှစ်သက်ဆုံးအရုပ်လေး သေတ္တာထဲထည့်နေတာကို သားနှစ်ယောက်ဟာ အံ့သြစွာ ပါးစပ်အဟောင်းသားနဲ့ ကြည့်နေခဲ့ကြပါတယ်၊ ဘာစကားမှမဆိုပဲ ဘရက်ဒ်က အိမ်ပေါ်ကိုပြေးတက်သွားပြီး သူ့အိပ်ခန်းထဲဝင်သွားခဲ့ပါတယ်၊ သူ့လက်ထဲမှာ သူအနှစ်သက်ဆုံး သူ့ရဲ့ဟီးရိုးအရုပ်တစ်ရုပ်ကို ယူပြီးပြန်ထွက်လာပါတယ်၊ အခိုက်အတန့်မျှ တွန့်ဆုတ်နေပေမယ့် သူ့အရုပ်လေးကိုကိုင်ပြီး မေဂင်ကိုကြည့်ကာ လူစီရဲ့ဘေးမှာ အရုပ်လေးကို ထည့်လိုက်ပါတယ်၊ ဘရက်တ်ရဲ့မျက်နှာလည်း တဖြေးဖြေး ပြုံးလာပါတယ်၊ မျက်လုံးများလည်း တောက်ပလာပါတယ်၊ အဲဒီနောက် အနည်းငယ်ခုန်ပေါက်ပြီး သူ့အိပ်ခန်းထဲဝင်ကာ သူအလွန်သဘောကျတဲ့ သူ့ရဲ့ကိုယ်ပိုင် တန်ဖိုးအကြီးဆုံး Matchbox ကားကို ယူလာခဲ့ပါတယ်၊ သားတွေလည်း သူတို့နှမငယ်လေးရဲ့အပြုအမူကို နားလည်သဘောပေါက်သွားပြီလို့ ကျမယုံကြည်မိပါတယ်၊ မထိမ်းနိုင်စွာ စီးကျလာတဲ့ ကျမပါးပြင်ပေါ်ကမျက်ရည်တွေကိုသုတ်ပြီး သမီးနဲ့သားတို့ကို ကျမရင်ခွင်ထဲမှာ ဆွဲသွင်းလိုက်ပါတယ်။

သမီးလေးရဲ့ အတုကိုယူပြီး သေတ္တာထဲက နွမ်းကြေပြီးအနားစတွေဖွာနေတဲ့ အနွေးထည်အကျီကို ပြန်ထုတ်လိုက်ပါတယ်၊ နောက်ပြီး ပြီးခဲ့တဲ့အပတ်ကမှ လျှော့ဈေးနဲ့ရလို့ဝယ်လာတဲ့ တန်ဖိုးကြီး အစိမ်းရောင် သားရေအနွေးထည်အကျီသစ်ကို အစားထည့်လိုက်ပါတယ်၊ ကျမအလွန်သဘောကျသလို ခေတ်ပုံထဲက အမျိုးသမီးငယ်လည်း ဒီအကျီကို သဘောကျလိမ့်မယ်လို့ ကျမမျှော်လင့်မိပါတယ်။ ။

**ဉာဏ်ဦးမောင်**
မတ်လ ၂၃၊ ၂၀၀၇

Elizabeth Cobb ရဲ့ ***True Generosity*** ကို ဘာသာပြန်ထားတာပါ။